## မလေးရှားနိုင်ငံ၊ လူမှုဖူလုံရေးအဖွဲ့ (SOCSO) နှင့် မြန်မာနိုင်ငံ၊ လူမှုဖူလုံရေးအဖွဲ့ (SSB) အကြား ပူးပေါင်းဆောင်ရွက်မှု

မလေးရှားနိုင်ငံ၊ လူမှုဖူလုံရေးအဖွဲ့ (SOCSO) နှင့် မြန်မာနိုင်ငံ၊ လူမှုဖူလုံရေးအဖွဲ့ (SSB) တို့သည် မလေးရှားနိုင်ငံရှိ အာမခံထားသူ မြန်မာနိုင်ငံသားများအတွက် လူမှုဖူလုံရေးအစီအစဉ်နှင့် လုပ်ငန်းစဉ် မြှင့်တင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ (MoC) ကို ၁၃-၁၀-၂၀၂၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး မလေးရှားနိုင်ငံ၊ လူမှုဖူလုံရေးအဖွဲ့(SOCSO) မှ မလေးရှားနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် မှီခိုသူမိသားစုအကျိုးခံစားခွင့်များရရှိရေး ပထမအကြိမ် နည်းပညာဆိုင်ရာ အစည်းအဝေးကို ၁၆-၂-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ် နည်းပညာဆိုင်ရာ အစည်းအဝေးကို ၂-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း Virtual ဖြင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

**နှစ်နိုင်ငံ လူမှုဖူလုံရေးအဖွဲ့များ၏ နည်းပညာဆိုင်ရာ အစည်းအဝေးကျင်းပမှု မှတ်တမ်းဓါတ်ပုံများ**







မလေးရှားနိုင်ငံ၊ Employees' Social Security Act 1969, (Act 4) ပါ Employment Injury Insurance Scheme အရ အလုပ်တွင်ထိခိုက်မှုကြောင့်သေဆုံးသွားသော မြန်မာအလုပ်သမားများ၏ မှီခိုသူ(များ)အတွက် ငွေကြေးအကျိုးခံစားခွင့်များ လျင်မြန်စွာရရှိရေး နှစ်နိုင်ငံလူမှုဖူလုံရေးအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၊ လူမှုဖူလုံရေးအဖွဲ့မှ ၂၃-၈-၂၀၂၂ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ လူမှုဖူလုံရေးအဖွဲ့ (SOCSO) မှ ပေးပို့လာသည့် မြန်မာအလုပ်သမား (၂၁) ဦး၏ အလုပ်တွင် ထိခိုက်သေဆုံးမှုအတွက် မှီခိုသူအကျိုးခံစားခွင့် လျှောက်ထားရန် အမှုတွဲများအား လက်ခံရရှိခဲ့ပါသည်။ အဆိုပါအမှုတွဲများအနက် မှီခိုသူအကျိုးခံစားခွင့်ရရှိရေး လိုအပ်သည့် အချက်အလက်၊ အထောက်အထားများ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ပြည့်စုံသည့်အမှုတွဲ (၁၆) မှု အား မလေးရှားနိုင်ငံ၊ လူမှုဖူလုံရေးအဖွဲ့ (SOCSO) သို့ ပေးပို့ထားပြီး ကျန်အမှုတွဲများအတွက် မှီခိုသူများနှင့်ဆက်သွယ်ရန် အချက်အလက်များ စိစစ်ဆောင်ရွက်ခြင်းနှင့် ဆက်သွယ်ရန် အချက်အလက်ရရှိပြီးအမှုတွဲအတွက် မှီခိုသူမိသားစုထံမှ အချက်အလက်၊ အထောက်အထားများပြုစု၍ မလေးရှားနိုင်ငံ၊ လူမှုဖူလုံရေးအဖွဲ့ (SOCSO) သို့ ပေးပို့ရန် ဆောင်ရွက်လျက်ရှိပါသည်။ မလေးရှားနိုင်ငံ၊ လူမှုဖူလုံရေးအဖွဲ့ (SOCSO) ၏ Employees' Social Security Act 1969, (Act 4) ပါ Employment Injury Insurance Scheme အရ အကျိုးဝင်မှတ်ပုံတင်ထားသည့် မြန်မာအလုပ်သမားများ၏ လုပ်ငန်းခွင်ထိခိုက်သေဆုံးမှုအတွက် မှီခိုသူမိသားစုအကျိုးခံစားခွင့်လျှောက်ထားရာ၌ အောက်ပါအချက်အလက်၊ အထောက်အထားများ လိုအပ်ပါသည်-

**ဖြစ်စဉ် (၁)**

**<u>နိုင်ငံခြားသားအလုပ်သမားသည် အိမ်ထောင်မပြုရသေးဘဲ အဖေ/ အမေ/ မောင်နှမအရင်းအချာများ/ အဘိုးအဘွားများ ကျန်ခဲ့ပါက</u>-**

**(၁) နိုင်ငံခြားသားအလုပ်သမား၏ မွေးစာရင်းမိတ္တူ**

**(၂) မိခင်၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ**

မိခင်ကွယ်လွန်သွားပါက သေဆုံးကြောင်းအထောက်အထားပေးရပါမည်။

**(၃) ဖခင်၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ**

ဖခင်ကွယ်လွန်သွားပါက သေဆုံးကြောင်းအထောက်အထားပေးရပါမည်။

**(၄) မောင်နှမအရင်းအချာများ၏ မွေးစာရင်း/ မှတ်တမ်းအထောက်အထား (တစ်ခုခုရှိပါက)**

**(၅) မှီခိုသူ၏ အောက်ပါတို့ပါဝင်သည့် ဘဏ်အတည်ပြုစာ (Bank Verification Letter) (စာပုံစံအတွက် နောက်ဆက်တွဲ-၁ အရကိုးကားအသုံးပြုပါ)**

- ဘဏ်စာရင်းကိုင်ဆောင်သူ၏အမည်
- ဘဏ်စာရင်းကိုင်ဆောင်သူ၏ မှတ်ပုံတင်အမှတ်
- ဘဏ်အမည်
- ဘဏ်လိပ်စာ
- ဘဏ်စာရင်းအမှတ်
- နိုင်ငံအလိုက်လိုအပ်သည့် ဥပဒေအရ သတ်မှတ်ထားသည့် ကုတ်များ (နောက်ဆက်တွဲ-၂ ကို ကိုးကားအသုံးပြုပါ)

**(၆) ဘဏ်စာအုပ်၏ ရှေ့စာမျက်နှာမိတ္တူ**

(ဘဏ်စာရင်းကိုင်ဆောင်သူ၏ အမည်နှင့် ဘဏ်စာရင်းနံပါတ်ပါရှိသည့် စာမျက်နှာ)

**(၇) မှီခိုသူများမှ ပြည့်စုံစွာဖြည့်သွင်းထားသည့် "SOCSO Foreign Worker Dependents' and Funeral Benefit Claim Form" ဖောင်မိတ္တူ**

**ဖြစ်စဉ် (၂)**

<u>**နိုင်ငံခြားသားအလုပ်သမားသည် အိမ်ထောင်ရှိပြီး မုဆိုးမ/မုဆိုးဖို၊ ကလေးများကျန်ရှိပါက**</u>

**(၁) လက်ထပ်စာချုပ်/ လက်ထပ်မှတ်ပုံတင်အထောက်အထား မိတ္တူ**

**(၂) မုဆိုးမ/ မုဆိုးဖို၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ**

(မုဆိုးမ/ မုဆိုးဖို သေဆုံးခဲ့လျှင် သေဆုံးကြောင်း အထောက်အထားမိတ္တူ ပေးရပါမည်)

**(၃) ကလေးမွေးစာရင်း/ မှတ်ပုံတင်စာရွက်စာတမ်း (တစ်ခုခုရှိပါက)**

**(၄) မှီခိုသူ၏ အောက်ပါတို့ပါဝင်သည့် ဘဏ်အတည်ပြုစာ (Bank Verification Letter) (စာပုံစံအတွက် နောက်ဆက်တွဲ-၁ အရကိုးကားအသုံးပြုပါ)**

- ဘဏ်စာရင်းကိုင်ဆောင်သူ၏အမည်
- ဘဏ်စာရင်းကိုင်ဆောင်သူ၏ မှတ်ပုံတင်အမှတ်
- ဘဏ်အမည်
- ဘဏ်လိပ်စာ
- ဘဏ်စာရင်းအမှတ်

- နိုင်ငံအလိုက်လိုအပ်သည့် ဥပဒေအရ သတ်မှတ်ထားသည့် ကုတ်များ (နောက်ဆက်တွဲ-၂ ကို ကိုးကားအသုံးပြုပါ)

**(၅) ဘဏ်စာအုပ်၏ ရှေ့စာမျက်နှာမိတ္တူ**

(ဘဏ်စာရင်းကိုင်ဆောင်သူ၏ အမည်နှင့် ဘဏ်စာရင်းနံပါတ်ပါရှိသည့် စာမျက်နှာ)

**(၆) မှီခိုသူများမှ ပြည့်စုံစွာဖြည့်သွင်းထားသည့် "SOCSO Foreign Worker Dependents' and Funeral Benefit Claim Form" ဖောင်မိတ္တူ**

မလေးရှားနိုင်ငံ၊ လူမှုဖူလုံရေးအဖွဲ့ (SOCSO) သို့ ပေးပို့ခဲ့သည့် အမှုတွဲ (၁၆) မှု အနက် မလေးရှားနိုင်ငံ၌ ၈-၇-၂၀၁၉ ရက်နေ့တွင် သေဆုံးခဲ့သည့် မောင်မျိုးပြည့်ထွန်း၏ ဇနီးဖြစ်သူသည် မလေးရှားနိုင်ငံ၊ လူမှုဖူလုံရေးအဖွဲ့ (SOCSO) မှ လွှဲပို့လာသည့် မှီခိုသူအကျိုးခံစားခွင့်ငွေကျပ် (၂၃,၇၃၆,၈၆၉) အား လက်ခံရရှိခဲ့ပြီးဖြစ်ပါသည်။

**မြန်မာအလုပ်သမားများ၏ မှီခိုသူအကျိုးခံစားခွင့်ရရှိရေး ဆောင်ရွက်လျက်ရှိသည့်အမှုတွဲများ**

| စဉ် | အမည် | နိုင်ငံကူး လက်မှတ် | သေဆုံးသည့်ရက် | မြို့နယ်လူမှု ဖူလုံရေးရုံး | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | မောင်ဇင်လင်းဦး | MC-559365 | ၁၂-၆-၂၀၁၉ | မကွေး | SOCSO သို့ အချက်အလက်များပေးပို့ပြီး |
| ၂။ | မောင်မျိုးပြည့်ထွန်း | MD-920030 | ၈-၇-၂၀၁၉ | ညောင်ဦး | SOCSO မှ လွှဲပို့သည့် အကျိုးခံစားခွင့် လက်ခံရရှိပြီး |
| ၃။ | မောင်နိုင်မင်းဝေ | MB-292532 | ၁၈-၁၀-၂၀၁၉ | အောင်လံ | SOCSO သို့ အချက်အလက်များ ပေးပို့ပြီး |
| ၄။ | မောင်ကျော်မွေး | MB-765287 | ၁-၁၁-၂၀၁၉ | မြင်းခြံ | SOCSO သို့ အချက်အလက်များပေးပို့ပြီး |
| ၅။ | မောင်မြင့်ကျော် | MD-359074 | ၁၃-၁-၂၀၂၀ | ပဲခူး | SOCSO သို့ အချက်အလက်များပေးပို့ပြီး |
| ၆။ | မောင်ရဲလင်းအောင် | MD-490038 | ၂-၂-၂၀၂၀ | ညောင်ဦး | SOCSO သို့ အချက်အလက်များပေးပို့ပြီး |
| ၇။ | မောင်ဝင်းအောင် | ME-219615 | ၂၈-၂-၂၀၂၀ | မကွေး | SOCSO သို့ အချက်အလက်များပေးပို့ပြီး |
| ၈။ | မောင်ထွန်းလင်း | MD-542319 | ၂၀-၇-၂၀၂၀ | နေပြည်တော် | SOCSO သို့ အချက်အလက်များပေးပို့ပြီး |
| ၉။ | မောင်သက်နိုင်ဝင်း | MD-620090 | ၂၅-၈-၂၀၂၀ | မကွေး | SOCSO သို့ အချက်အလက်များပေးပို့ပြီး |
| ၁၀။ | မောင်အေးစိုး | MC-611484 | ၂၁-၁၁-၂၀၂၀ | မကွေး | SOCSO သို့ အချက်အလက်များပေးပို့ပြီး |
| ၁၁။ | မောင်သန်းထိုက်အောင် | ME-383895 | ၁၆-၃-၂၀၂၁ | ချောက် | SOCSO သို့ အချက်အလက်များပေးပို့ပြီး |

| စဉ် | အမည် | နိုင်ငံကူး လက်မှတ် | သေဆုံးသည့်ရက် | မြို့နယ်လူမှု ဖူလုံရေးရုံး | မှတ်ချက် |
|---|---|---|---|---|---|
| ၁၂။ | မောင်စည်သူမင်း | MC-610297 | ၈-၅-၂၀၂၁ | - | မိသားစုနှင့် ဆက်သွယ်၍ အချက်အလက်များ ရရှိရန် ဆောင်ရွက်ဆဲ |
| ၁၃။ | မောင်အောင်ဇင်မင်း | ME-201128 | ၁၃-၅-၂၀၂၁ | မုံရွာ | SOCSO သို့ အချက်အလက် များပေးပို့ပြီး |
| ၁၄။ | မောင်ချိုဝင်း | MD-670708 | ၁၈-၆-၂၀၂၁ | မုံရွာ | SOCSO သို့ အချက်အလက် များပေးပို့ပြီး |
| ၁၅။ | မောင်ခင်ဇော် | ME-198843 | ၁၆-၇-၂၀၂၁ | - | မိသားစုနှင့် ဆက်သွယ်၍ အချက်အလက်များ ရရှိရန် ဆောင်ရွက်ဆဲ |
| ၁၆။ | မအေးမြင့်ကြူ | ME-925811 | ၅-၈-၂၀၂၁ | မကွေး | SOCSO သို့ အချက်အလက် များပေးပို့ပြီး |
| ၁၇။ | မောင်မင်းကိုကို | MC-871052 | ၁၅-၉-၂၀၂၁ | မကွေး | SOCSO သို့ အချက်အလက် များပေးပို့ပြီး |
| ၁၈။ | မသန်းသန်းဌေး | MC-820516 | ၁၁-၁၀-၂၀၂၁ | မြင်းခြံ | SOCSO သို့ အချက်အလက် များပေးပို့ပြီး |
| ၁၉။ | မောင်ဇော်မင်းထိုက် | ME-034630 | ၁၈-၁-၂၀၂၂ | ရန်ကုန် | SOCSO သို့ အချက်အလက် များ ပေးပို့ရန် ဆောင်ရွက်ဆဲ |
| ၂၀။ | မောင်ခင်လှိုင် | MF-217435 | ၂-၃-၂၀၂၂ | - | မိသားစုနှင့် ဆက်သွယ်၍ အချက်အလက်များ ရရှိရန် ဆောင်ရွက်ဆဲ |
| ၂၁။ | မောင်အောင်ထွန်း | MD-994601 | ၃-၄-၂၀၂၂ | - | မိသားစုနှင့် ဆက်သွယ်၍ အချက်အလက်များ ရရှိရန် ဆောင်ရွက်ဆဲ |